www.burmeseclassic.com

BURMESE CLASSIC .com



# ဒီမိုကရေစီနှင့် ဗုဒ္ဓဝါဒ

ဒေါက်တာ အရှင်ဓမ္မပိယ (ပါမောက္ခ)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

www.burmeseclassic.com

www.burmeseclassic.com

# ဒီမိုကရေစီနှင့် ဗုဒ္ဓဝါဒ

ဘိက္ခုဓမ္မပိယ (USA)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

၁။ အမြင်မတူတဲ့အတွေးများ ၆

၂။ ဒီမိုကရေစီနှင့် ဗုဒ္ဓဝါဒီ ၂၇

BURMESE CLASSIC .com

## အမြင်မတူတဲ့အတွေးများ

လူ့ဘဝနဲ့အတွေး။ လူဘဝကို ရလာသူတိုင်း အတွေးဆိုတာရှိစမြဲပါ။ အတွေးကို အခြေခံပြီး အထက်တန်းစား ဘဝများသို့ ရောက်ရှိသွားသူများရှိသလို၊ အတွေးကို အခြေခံပြီး အောက်တန်းစားဘဝများသို့ ရောက်ရှိသွားသူတွေကလည်း ဒုနဲ့ဒေး။

လူ့ဘဝမှာ အရေးပါလှတဲ့ အတွေးဆိုတဲ့ အရေးကိစ္စမှာ မှန်ကန်တဲ့အတွေး၊ မှားယွင်းတဲ့ အတွေး၊ ဒီအတွေးနှစ်ခု ဘယ်သင်းကို အရင်စလို့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သင်းကို နောက်ချပြီး တွေးသင့်တယ်ဆိုတာ တွေးကြည့်ဖို့ပါ။

အဲဒီအတွေးနှစ်ခုကို မစဉ်းစားမီ စဉ်းစားစရာ တစ်ခုဖြစ်လာတာက အတွေးဆိုတာ ဘာလဲ။ အတွေးကို ဗုဒ္ဓအဘိဓမ္မာ (ဗုဒ္ဓစ်(စ်) ဆိုက်ကိုလိုဂျီ) မှာ "ဝိတက္က" လို့ အသုံးရှိပြီး၊ မြန်မာမှုပြုတော့ "ဝိတက်"၊ မြန်မာလိုအဓိပ္ပါယ် ပြန်တော့ "အတွေး"တဲ့။ "ညက ဝိတက်တွေ များနေလို့ အတော်နဲ့ကို အိပ်မပျော်နိုင်ဘူး"ဆိုတဲ့ စကားအသုံးအနှုန်းကို လူတိုင်းနီးနီး ကြားဖူးမှာပါ။

အတွေးမှာ လွတ်လပ်ခွင့်ရှိတယ် ဆိုပေမဲ့ လို့ တွေးချင်ရာ တွေးလို့တော့ မသင့်တော်ဘူး။ ဘာကြောင့်လဲဆိုရင် တွေးတတ်ရင် ကုသိုလ်(စိတ်) ဖြစ်နိုင်ပြီး၊ မတွေးတတ်ရင်တော့ အကုသိုလ် (စိတ်) တွေ ဖြစ်သွားနိုင်တယ်။



ကုသိုလ်ဖြစ်အောင် တွေးတတ်တဲ့ အလေ့အကျင့်မျိုးဆိုတာ အလေ့အကျင့် လုပ်ထားမှ ဖြစ်နိုင်တာ။ ဒီလိုဆို ကုသိုလ်ဖြစ်အောင် ဘယ်လိုတွေးမလဲ။

ဗုဒ္ဓအဘိဓမ္မာအရဆိုရင် "အတွေး"ကို စိတ်က ဆောင်ရွက်တာမဟုတ်ဘူး။ စေတသိက်က ဆောင်ရွက်တာ။ စိတ်က တခြား၊ အတွေးက တခြားဆိုတာကို သိထားရမှာပါ။

"တွေးတဲ့" ကိစ္စ ကို စေတသိက်(၅၂) ပါးထဲမှာပါတဲ့ ဝိတက် ဆိုတဲ့ စေတသိက်က ဆောင်ရွက်တာ။ လူအတော်များများဟာ စိတ်နဲ့ အတွေးကို အတူတူပဲလို့ ထင်မှတ်ထားကြတာ။ အဘိဓမ္မာသဘောအရ အာရုံကို သိတတ်တဲ့ စိတ်ကတစ်မျိုး၊ ထိုစိတ်ကို မှီတွယ်ပြီး ဖြစ်ပေါ် လာတဲ့ စေတသိက်က တစ်မျိုး ဒါကို ခွဲခြား သိဖို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူစွာပဲ ချစ်စိတ်၊ မုန်းစိတ်၊ မနာလိုစိတ်၊ ဝန်တိုစိတ်၊ မေတ္တာစိတ်၊ ကရုဏာစိတ်တို့ ဆိုရာမှာလည်း အလားတူပဲ ခွဲခြားသိဖို့ပါ။ အကျဉ်းချုပ်မှတ်သားထားသင့်တာကတော့ အတွေးဆိုတာ စေတသိက်တစ်ခုရဲ့ အမည်နာမပဲလို့ ရိုးရိုးရှင်းရှင်းလေးပဲ မှတ်ထားဖို့ပါ။

လူတိုင်းလူတိုင်း ဘဝအခက်အခဲတွေကို တွေ့ဖူး၊ ကြုံဖူးကြတာချည်းပဲ။ မတွေ့ဖူး၊ မကြုံဖူးသူရယ်လို့ ဒီလောကမှာ ရှိမှ မရှိတာ။ လူဆိုတာ ဘဝအခက်အခဲတွေနဲ့ ကြုံလာပြီဆိုရင် တစ်စုံတစ်ခုကိုလုပ်ဖို့ တွေးကြတာချည်းပဲ။ "လူဟာ ကြံရင်း သေတယ်၊ ငှက်ဟာ ပျံရင်း သေတယ်" "လူဟာ တွေးရင်း သေတယ်၊ မြင်းဟာ ပြေးရင်း သေတယ်" ဆိုတဲ့ စကားပုံတွေလည်း ရှိနေတာပဲ။

တွေးတာဟာ လူ့တွေရဲ့ဓမ္မတာသဘောလို့ ဆိုနိုင်ပေမဲ့ လောကအကြောင်းကို တွေးတဲ့



အခါမှာ တွေးသင့်တဲ့ အရာရှိသလို၊ မတွေးသင့်တဲ့ အရာတွေလည်း ရှိနေတယ်။ မှန်ကန်စွာ တွေးတတ်ရင် မဂ္ဂင် (၈)ပါးမှာ ပါဝင်တဲ့ သမ္မာသင်္ကပ္ပ (မှန်ကန်သောအတွေး) ဖြစ်လို့ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်တစ်ခု ဖြစ်တယ်။ မှားမှားယွင်းယွင်း တွေးပြီဆိုရင်တော့ အဲဒီအတွေးကို အခြေခံပြီး ထင်ရာစိုင်းတတ်ကြတယ်။ အဲဒီထင်ရာမြင်ရာစိုင်းတဲ့အမှုက အပါယ်လေးပါးထိ ကျသွားနိုင်တယ်။

သာသနာသမိုင်းမှာ ထင်ရှားလှတဲ့ဒေဝဒတ်ရဲ့ အတွေးမျိုးကို ဒီနေရာမှာ နမူနာအဖြစ် ထုတ်ပြချင်တယ်။ မဖြစ်စလောက်လေး သူ ရထားတဲ့တန်ခိုးကို အဟုတ်ကြီးထင်ပြီး သူ့ကိုယ်သူ စိတ်ကြီးဝင်ခဲ့တယ်။ တန်ခိုးရှင်ဖြစ်တဲ့ ဘုရားကိုသတ်ပြီး သူကိုယ်တိုင် ဘုရားလုပ်မယ်ဆိုတဲ့ အတွေး။ ကိုယ်တွေးတဲ့ အတွေးကို "မှားတယ်၊ မှန်တယ်" ပြန်လှန်မတွေးနိုင်တော့ သူ ဒုက္ခရောက်တော့တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အတွေးနောက်စိတ်ပါပြီး မလုပ်သင့်တာတွေကို လုပ်ခဲ့တယ်။ မှားယွင်းတဲ့ အတွေးကို အခြေခံပြီး မလုပ်သင့်၊ မလုပ်ထိုက် တာတွေကို လုပ်ခဲ့တဲ့အတွက်ကြောင့် ငရဲမှာ ကျပြီး ဆင်းရဲဒုက္ခတွေကို ခံစားရတော့တယ်။ ဒါကြောင့် အတွေးစိတ်ဆိုတာ ဒီလောကအရေးမကြီးဘူးလို့ ထင်ရပေမဲ့ မတွေးတတ်ရင် ငရဲထိ ကျသွားနိုင်တယ် ဆိုတာကို သတိပြုနိုင်ဖို့ပါ။

အတွေးက နှစ်မျိုးနှစ်စား ရှိနိုင်တယ်။ အဲဒီနှစ်မျိုးကတော့ (၁) မှားယွင်းတဲ့အတွေး၊

(၂) မှန်ကန်တဲ့အတွေး နှစ်မျိုးပါ။

တွေးစိတ်မှာ အစွမ်းသတ္တိတွေ ပါဝင်တယ်။ မှားယွင်းတဲ့ အတွေးမှာ အပြစ်တွေ ပါဝင်နေတယ်။ ထိုအပြစ်တွေက ဆင်းရဲတဲ့အကျိုးကို ပေးတယ်။ မှန်ကန်တဲ့ အတွေးမှာ အပြစ်ကင်းစင်တဲ့ ဂုဏ်သတ္တိတွေ ပါဝင်နေတယ်။ အဲဒီဂုဏ်သတ္တိတွေက ကောင်းကျိုး



ချမ်းသာကို ဖြစ်စေတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း မေးကြည့်ပါ။

လူ့ဘဝမှာနေရတဲ့ခဏလေးမှာ ဘယ်လို အတွေးမျိုးနဲ့ နေမှာလဲ။ မှားယွင်းတဲ့ အတွေးနဲ့ နေမလား၊ မှန်ကန်တဲ့အတွေးတွေနဲ့ နေမလား။ you သဘောပါ။

လောကသဘောအရ မှန်ကန်တဲ့ အတွေးဟာ မှားယွင်းတဲ့ အတွေးထက်ပိုပြီး အရင် ဖြစ်သင့်တယ်လို့ ထင်ရပေမဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကတော့ လမ်းညွှန်တဲ့အခါမှာ အမှန်လုပ်ဖို့ထက် အမှားမလုပ်ဖို့ကို အရင် ညွှန်ပြတယ်။ လိုက်ရမဲ့လမ်းထက် မလိုက်ရမဲ့လမ်းကို အရင် ညွှန်းတယ်။ ဓမ္မစက္ကပဝတ္တနသုတ်မှာ အစွန်း(၂) ပါးဖြစ်တဲ့ မလိုက်သင့်တဲ့လမ်းကို အရင်ညွှန်ပြပြီး၊ လိုက်သင့်တဲ့ မဇ္ဈိမပဋိပဒါလမ်းကိုတော့ နောက်မှ ညွှန်ပြထားတာကို တွေ့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလသုတ်မှာလည်း အသေဝနာ စ ဗလာနံ (လူမိုက်ကို မပေါင်းရဘူး) ဆိုတဲ့ မလုပ်သင့်တဲ့အရာကို အရင်ညွှန်ပြပြီး၊ ပဏ္ဍိတာ နဉ္စ သေဝနံ (ပညာရှိကို ပေါင်းရမယ်) ဆိုတဲ့ လုပ်သင့်တဲ့ အရာကို နောက်မှ ညွှန်ပြထားတာကို တွေ့ရတယ်။ သဘာဝကျပါတယ်။ လိုက်ရမဲ့လမ်းကို မလိုက်ရင် အဆင်မပြေရုံပဲ ရှိမယ်။ ဒုက္ခတော့ မရောက်နိုင်ဘူး။ မလိုက်ရမဲ့လမ်းကို လိုက်မိရင်တော့ အဆင်လည်းမပြေနိုင်ဘူး။ အကြီးအကျယ်လည်း ဒုက္ခရောက်သွားနိုင်တယ်။

အဖေကို သတ်ခဲ့မိတဲ့ အဇာတသတ်မင်းသားလေးရဲ့ ဖြစ်အင်ကိုလည်း ကြည့်ပါဦး။ အဇာတသတ်မင်းသားဟာ တကယ်တော့ သူတော်ကောင်းလေးပါ။ မပေါင်းသင်းထိုက်တဲ့လူကို ပေါင်းသင်းမိလို့ သူ့ဘဝမှာ ပေးဆပ်လို့ မကုန်နိုင်တဲ့ အမှားတွေကို လုပ်ခဲ့မိတယ်။ ကုစားလို့ မရနိုင်



တဲ့ စိတ်ဝေဒနာတွေကို ရခဲ့တယ်။ သေပြီးတဲ့ နောက်ဘဝမှာလည်း ငရဲမှာ ဇောက်ထိုးကျခဲ့ရတယ်။ ဒါဟာ သင်ခန်းစာယူသင့်တဲ့ အချက်ပဲ။

အတွေးမှားရင် အယူမှားတတ်တယ်၊ အယူမှားရင်တော့ အလုပ်ပါ မှားတတ်တာမို့ စနစ်တကျ တွေးတတ်အောင် လေ့ကျင့် သင်ယူထားဖို့ပါ။ တွေးတတ်ရင် ချမ်းသာမယ်။ မတွေးတတ်ရင် ဆင်းရဲမယ်။ ဒါဟာ သီအိုရီပဲ။

အဘိဓမ္မာသဘောနဲ့ နှိုးနှောပြီး ပြောရရင် အတွေးဆိုတာ အမျိုးမျိုး ရှိနိုင်သေးတယ်။ လောဘနဲ့ တွေးတဲ့အတွေး၊ ဒေါသနဲ့ တွေးတဲ့အတွေး၊ မာနနဲ့ တွေးတဲ့အတွေး၊ မေတ္တာနဲ့ တွေးတဲ့ အတွေး၊ ကရုဏာနဲ့တွေးတဲ့ အတွေး-စသည်ဖြင့် အတွေးပေါင်း ထောင်သောင်းမကပဲ ရှိနိုင်တယ်။ ကိုယ် တွေးချင်သလို တွေးလို့ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ တွေးတတ်ရင် သက်သာတာပေါ့။ လောဘနဲ့ တွေးရင် လောဘတွေးပေါ့။ လောဘအတွေးဆိုတာ လောဘစေတသိက်နဲ့ ယှဉ်တွဲနေတဲ့ အတွေးကို ပြောတာ။ ဒေါသအတွေးဆိုတာ ဒေါသစေတသိက်နဲ့ ယှဉ်တွဲနေတဲ့ အတွေးကို ပြောတာ။

ဒီလောက်ဆိုရင် အတွေးသရုပ်ကို မှန်းဆနိုင်ပြီပေါ့။ လောဘနဲ့ပဲ တွေးတွေး၊ ဒေါသနဲ့ပဲ တွေးတွေး။ ဒီအတွေးမျိုးတွေကို အဘိဓမ္မာရှုထောင့်က ကြည့်ရင် မကောင်းတဲ့အတွေးလို့ပဲ ပြောရမှာပဲ။

ဒါပေမဲ့ တချို့က ဒီလိုအတွေးမျိုးတွေကို တွေးတာ ကောင်းတယ်လို့ Debate (စကားစစ်ထိုးခြင်း၊ စကားရည်လုခြင်း) လုပ်လိုကြတယ်။ "လောဘနဲ့ တွေးပြီး အလုပ်လုပ်တော့ စီးပွားတွေ ပိုဖြစ်ထွန်းတယ်၊ ပိုမိုအောင်မြင်တယ်"လို့ ထင်တတ်ကြတယ်။ မှန်သင့်သလောက် မှန်ပါတယ်။



သို့သော် လောဘဇောတိုက်ပြီး ရှာထားတဲ့ စီးပွားဥစ္စာမျိုးဆိုတာ စီးပွားဥစ္စာဖြစ်ထွန်းလာလို့ ချမ်းသာကြွယ်ဝတဲ့ စည်းစိမ်မျိုးနဲ့ နေနိုင်ပေမဲ့ မသမာတဲ့နည်းလမ်းတွေနဲ့ ရှာထားတဲ့ စီးပွားဥစ္စာတွေဖြစ်နေလေတော့ ချမ်းသာကြွယ်ဝမှုရဲ့ နောက်ကွယ်မှာ ပူစရာ၊ ပင်စရာတွေက အများကြီးရှိနေတတ်တယ်။

ဒီအခြေအနေမျိုးမှာ အောင်မြင်မှုကြောင့် သွေးနားထင်ရောက်နေတတ်ပြီမို့ အတ္တကြီးစိုးတဲ့ မာနတွေ၊ ဒေါသတွေ၊ မောဟတွေ၊ ဣဿာမစ္ဆရိယတွေက ထိုသူရဲ့ နှလုံးသားထဲကို တန်းစီပြီး ဝင်လာတယ်။ အတ္တတရားတွေ၊ မာနတရားတွေကြောင့် ထိုသူရဲ့ စီးပွားဥစ္စာတွေ မပျက်စီးသင့်တဲ့ အချိန်မှာပဲ ပျက်စီးရတတ်တယ်။

ဒီလိုဖြစ်ရတာဟာ ထိုသူရဲ့ သန္တာန်မှာ ရှိနေတဲ့ အတ္တတွေ၊ မာနတွေ၊ ဒေါသတွေကြောင့်

www.burmeseclassic.com



ဖြစ်ရတယ်ဆိုတာ အဖြေက ရှင်းနေတာ။ ကိုယ်ပိုင် လွပ်လပ်တဲ့အတွေးနဲ့ ကိုယ်တိုင် ဆင်ခြင်နိုင်ဖို့ပါ။

အတ္တပါတဲ့ အတွေး၊ မာနပါတဲ့ အတွေး၊ ဒေါသပါတဲ့ အတွေးမျိုးတွေဆိုတာ စိတ်ကို ပူလောင်စေတယ်။ ဣဿာမစ္ဆရိယပါတဲ့ အတွေးမျိုးက တော့ စိတ်ကို ပင်ပန်းစေတယ်။ မေတ္တာစိတ်နဲ့ တွေးတဲ့ အတွေးမျိုးကြတော့ စိတ်လည်း ချမ်းသာတယ်။ ကျေလည်း ကျေနပ်စရာကောင်းတယ်။ မေတ္တာစိတ်နဲ့ နေနိုင်ပြီ ဆိုရင်တော့ လောကကြီး တစ်ခုလုံးဟာ အလှတရားတွေချည်း ဖြစ်နေတာ။

ဘဝမှာ အေးအေးချမ်းချမ်းနဲ့ နေချင်သူများဟာ မေတ္တာစိတ်နဲ့ နေဖို့ပါ၊ ဝမ်းသာပီတိမျိုးနဲ့ နေချင်ရင်တော့ မုဒိတာစိတ်နဲ့ နေဖို့ပါ။ တည်တည်ငြိမ်ငြိမ် ဘဝမျိုးလေးကို မြတ်နိုးတယ်ဆိုရင်တော့လည်း ဥပေက္ခာနှလုံးသားမျိုးနဲ့ နေတတ်ဖို့တော့ လိုတာပေါ့။



တစ်ခုတော့ သတိပေးပါရစေ။ တွေးတဲ့အခါမှာ အတွေးတွေ မရောထွေးဖို့လည်း အရေးကြီးတယ်။ အတွေးတွေက ရောထွေးလာပြီဆိုရင် အမှားကို အမှန်ထင်၊ အမှန်ကိုလည်း အမှားထင်တတ်တယ်။ မိစ္ဆာဒိဋ္ဌိဆိုတာ မှားယွင်းတဲ့အတွေးတစ်ခုကို လက်ခံမိရာက ကြီးမားတဲ့အမှားကြီးကို ယုံကြည်သွားတာကိုပြောတာ။

ဒါကြောင့် မိမိယူထားတဲ့ အယူဝါဒ တစ်ခု (သို့မဟုတ်) မိမိယုံကြည်ထားတဲ့ ယုံကြည်မှုတစ်ခု ကြီးထွားလာပြီဆိုရင်တော့ စာနဲ့ပေနဲ့ တိုက်ဆိုင်ကြည့်ဖို့တော့ လိုလိမ့်မယ်။ တိုက်ဆိုင်ကြည်တော့ အမှားနည်းတာပေါ့။

ဥပမာလေး တစ်ခုကို ပြောပြမယ်။ လောဘစိတ်ဆိုတာ လိုချင်တဲ့ အကုသိုလ်စိတ်လို့ ကြားဘူးထားတော့ နိဗ္ဗာန်ကို လိုချင်တာ၊ တရားကို လိုချင်တာ၊ စာပေတွေ တတ်ချင်တာ၊ ဆင်းရဲသူ

www.burmeseclassic.com

www.burmeseclassic.com



များကို ပေးကမ်းလို၍ ပစ္စည်းဥစ္စာများကို လိုချင်တာ-စတဲ့ ဒီလိုချင်မှုမျိုးတွေဟာ အကုသိုလ်တရားတွေလို့ အထင်ရှိနေတတ်ကြတယ်။ အထင်မမှားစေချင်ဘူး။ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဒီအတွေးမျိုးတွေကို အထင်မမှားစေချင်၍ ကိုယ်ကျင့်အဘိဓမ္မာစာအုပ် (နှာ-၂၄)မှာ မေတ္တာစိတ်နဲ့ ရေးသားဖေါ်ပြထားတယ်။ မုဒိတာစိတ်နဲ့ ဖတ်ရှုဖို့ပါ။

"လိုချင်မှုသဘောသည် လောဘတည်း။ 'လိုချင်'ဆိုသော်လည်း ကာမဂုဏ်ဆိုင်ရာ လိုချင်မှုမျိုးကိုသာ လောဘ ဟု ဆိုသည်။ နိဗ္ဗာန်ကို လိုချင်မှု၊ တရားကို လိုချင်မှု၊ စာပေတတ်ချင်မှု၊ ဆင်းရဲသူများကို ပေးကမ်းလို၍ ပစ္စည်းကို လိုချင်မှု -စသောကောင်းသောအရာ၌ လိုချင်မှုမျိုးကား လောဘမဟုတ်။ ဆန္ဒ (ကုသလစ္ဆန္ဒ) သဘောသာ ဖြစ်ပေသည်"ဟု အတွေးမှားနေသူများကို အတွေးမှန်ဖို့



ထောက်ပြတော်မူခဲ့တယ်။ အတွေးနဲ့စပ်ပြီး ဆင်ခြင်သင့်တဲ့ အရာမျိုးတွေကို ဆင်ခြင်နိုင်ကြပါစေ။

တွေးတယ်ဆိုတာ တစ်ဦးတစ်ယောက်အတွက် (သို့မဟုတ်) တစ်စုံတစ်ခုအတွက် တစ်ခုခုကို ပြုလုပ်ပေးလို၍ ကြောင့်ကြစိတ်နဲ့ တွေးတာမျိုးလည်း ရှိတတ်ပါတယ်။ ပြုလုပ်နိုင်စွမ်းမရှိပဲနဲ့ တောင်မြောက်လေးပါး၊ ထွေရာလေးပါးကို တွေးတဲ့ အတွေးမျိုးတွေလည်း ရှိနေတတ်သေးတယ်။ အတွေးဋီကာချဲ့ရင်တော့ အတွေးသံသရာရှည်ရုံပဲ ရှိမှာပဲ။

အများအတွက် တစ်စုံတစ်ခုကို ပြုလုပ်ပေးချင်လို့ တွေးတဲ့အတွေးမျိုးကတော့ ဘုရားရဟန္တာများတောင် မကင်းနိုင်ဘူးတဲ့။ သိဒ္ဓတ္ထာဘုရားလောင်းဗောဓိပင်ရင်းမှာ ဘုရားဖြစ်ပြီးတဲ့နောက် သူ ရရှိထားပြီးတဲ့ တရားတော်များကို အပြန်အလှန် ဆင်ခြင်ကြည့်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘုရား သိထားတဲ့ တရားတော်တွေဟာ အလွန်ကို သိမ်မွေ့နက်နဲတယ်။ သိနိုင်ဖို့၊ မြင်နိုင်ဖို့ဆိုတာ ပုထုဇဉ်တွေအတွက် အလွန်ခက်ခဲလိမ့်မယ်။ ကြံစည်စဉ်းစားရုံမျှနဲ့လည်း ဉာဏ်မှာ မထင်နိုင်တဲ့ တရားမျိုး။ အာရုံများတဲ့ (အတွေးများတဲ့) ပုထုဇဉ်တွေကို တရားဟောလည်း ပင်ပန်းရုံပဲ ရှိလိမ့်မယ်။ တရားမဟောပဲ ကြောင့်ကြမဲ့နေပြီး တရားချမ်းသာနဲ့ပဲနေရတာ ကောင်းလိမ့်မယ်ထင်တယ်" လို့ အကြံဖြစ်တော်မူတယ်။

ဆိုလိုတာက မြတ်စွာဘုရား ဒီ အတွေးကို တွေးမိတယ်။ မြတ်စွာဘုရား ဒီလိုတွေးနေတာကို သဟမ္ပတိဗြဟ္မာကြီးက သိနေတယ်။ "ဒုက္ခပဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးသာ တရားမဟောဘဲ နေခဲ့ရင် လောကကြီးတော့ ပျက်စီးတော့မှာပဲ"လို့ တွေးမိပြီး လူ့ပြည်ကို ချက်ချင်းပဲဆင်းလာတယ်။ ဘုရားကို ဖူးမျှော်ပြီး တရားမဟောဘဲမနေဖို့ လျှောက်ထားတယ်။



ဘုရားရှင်ရဲ့ စိတ်အကြံအစည်ကို သိထားတဲ့ ဗြဟ္မာကြီးဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး တရားမဟောဘဲ နေခဲ့ရင်ဆိုတဲ့အတွေးက ရှိနေသေးတာမို့ တရားဟောဖို့ အကြောင်းခိုင်လုံအောင် အတိတ်က ဖြစ်ပျက်ခဲ့တဲ့အကြောင်းအရာနဲ့ မြတ်စွာဘုရားကို အမှတ်ရစေတယ်။

"အရှင်ဘုရား သတိတရား ရတော်မူပါ။ အရှင်ဘုရား သုမေဓာ ရှင်ရသေ့ဘဝက ဒီပင်္ကရာမြတ်စွာဘုရားရဲ့ ခြေတော်ရင်းမှာ ဘုရားဆုကို ပန်ယူခဲ့စဉ်အခါက "ငါသာ သစ္စာလေးပါးတရားကို ထိုးထွင်းသိခဲ့မယ်ဆိုရင် သတ္တဝါတွေကိုလည်း သိစေမယ် (ဗုဒ္ဓေါ ဗောဓေယျံ)။ ငါသာ သံသရာအနှောင်အဖွဲ့မှ လွတ်မြောက်ခဲ့မယ်ဆိုရင် သတ္တဝါတွေကိုလည်း လွတ်မြောက်စေမယ် (တိဏ္ဏော တာရေယျံ)၊ ငါသာ မွန်းကျပ်နေတဲ့ ဆင်းရဲဒုက္ခတွေမှ လွတ်မြောက်ခဲ့မယ်ဆိုရင် သတ္တဝါတွေကိုလည်း လွတ်စေရမယ်

www.burmeseclassic.com

www.burmeseclassic.com



(မုတ္တော မောစေယျံ)"လို့ အရှင်ဘုရား ကြွေးကြော်ခဲ့ဖူးသည်ကို အမှတ်ရတော်မူပါဘုရား" တဲ့။

ဖြဟ္မာကြီးဟာ ဘုရား တရားမဟောဘဲ နေမှာစိုးလို့ လေးသင်္ချေနဲ့ကမ္ဘာတစ်သိန်း အလွန်က စကားကို ဘုရားရှင်အား ပြန်ပြီးအမှတ်ရစေတာ။

ဗြဟ္မာကြီး ဝေနေယျသတ္တဝါတွေအတွက် ဘုရားတရား မဟောမှာကို စိတ်ပူလို့ လျှောက်ထားနေခြင်းပါ။ တကယ်တော့ ဘုရားရှင်များဟာ ပါရမီတော်တွေကို ပင်ပင်ပန်းပန်း ဖြည့်ကျင့်ခဲ့တာဟာ သတ္တဝါတွေ အတွက်ပါ။ သတ္တဝါတွေကို တရားဟောနိုင်ဖို့ ဘုရားတစ်ဆူမှာ ရှိသင့်ရှိထိုက်တဲ့ အရည်အသွေးမျိုးတွေရှိလာအောင် ပါရမီတော်တွေကို ဖြည့်ကျင့်ခဲ့တာပါ။ သတ္တဝါတွေ အပေါ်မှာ ထားရှိတဲ့ ဘုရားလောင်းများရဲ့ မွန်မြတ်တဲ့စိတ်ထားကို သိစေဖို့ပါ။



တကယ်တော့ လူတိုင်းလူတိုင်း အများအကျိုးရှိစေမဲ့ အလုပ်မျိုးကို ဆောင်ရွက်ပေးလိုတဲ့ အတွေးမျိုးတွေ အနည်းဆုံး တစ်ကြိမ်တစ်ခါလောက်တော့ ဖြစ်ခဲ့ဖူးကြမှာပါ။ အကြောင်း မညီညွတ်တာရယ်၊ ဆန္ဒတွေ နည်းသွားတာရယ်၊ အုပ်ချုပ်သူ လူတန်းစားတွေကို မကျေနပ်တာရယ်၊ အတ္တဖက်မှာ အလေးသာ သွားတာရယ်-စတဲ့ အကြောင်းတွေကြောင့် မူလရည်ရွယ်ချက်တွေ ပျက်ပြယ်ခဲ့ကြတယ်။ အတိတ်က ဖြစ်ရပ်လေးတွေကို ပြန်ပြောခွင့်ပေးပါ။

နိုင်ငံခြားကို ပညာလာသင်ကြတဲ့ ကျောင်းသား အားလုံးနီးနီးသာ တိုင်းပြည်က မထွက်ခွာခင်မှာတော့ "ငါသာ ခေတ်မီပညာရပ်တွေကို နိုင်ငံခြားမှာ သင်ကြားခွင့်ရခဲ့မယ်ဆိုရင် ငါ့တိုင်းပြည်၊ ငါ့လူမျိုးတွေကိုလည်း ဒီခေတ်မီပညာရပ်တွေနဲ့ တိုင်းပြည်တိုးတက်အောင် ငါ ပြန်လည်

www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ပေးမယ်။ ငါသာ လုံခြုံမှုမရှိတဲ့ ဘဝအနှောင်အဖွဲ့တွေမှ လွတ်မြောက်ခဲ့မယ်ဆိုရင် ငါ့တိုင်းပြည်၊ ငါ့လူမျိုးတွေကိုလည်း ဘဝအနှောင်အဖွဲ့ဘေးတွေမှ လွတ်မြောက်အောင် ငါကူညီပေးမယ်။ ငါသာ ငတ်မွတ်ကျပ်တည်း ဆင်းရဲနွမ်းပါးတဲ့ဘေးတွေမှ လွတ်မြောက်ခဲ့မယ်ဆိုရင် ငါ့တိုင်းပြည်၊ ငါ့လူမျိုးကိုလည်း ဆင်းရဲနွမ်းပါးတဲ့ဘေးမှ လွန်မြောက်အောင် ငါဆောင်ရွက်ပေးမယ်"တဲ့။

ဒါဟာ အဲဒီအချိန်တုံးကတော့ တကယ်ကို စစ်မှန်တဲ့ စေတနာ အတွေးတွေ ဖြစ်မှာပါ။ ဒါပေမဲ့ ဒီအတွေးတွေဟာ အကြောင်းအမျိုးမျိုးကြောင့် အတိတ်မှာ ကျန်ရစ်ခဲ့ပြီ။ နေပြည်တော်ကြီးလည်း မျှော်လေတိုင်း ဝေးခဲ့ရပြီ။ ဒီအတွေးမျိုးတွေကို ကံရှုထောင့်ကနေကြည့်ပြီး သုံးသပ်မယ်ဆိုရင်တော့ ပြည်သူတွေကပဲ ကံဆိုးတာလား၊ ကူညီ



ချင်သူတွေကပဲ ကံဆိုးတာလား အတွေးနယ်ချဲ့ရန် ခက်လှပါဘိ။

ပြောချင်တာရှိတာလေးတွေကို ပြောနေရင်း စာက အတော်ကို ရှည်သွားပြီ။ ဒီတော့လည်း တွေးလက်စ အတွေးများကိုလည်း ရပ်တန့်ရတော့မယ်။ ရေးလက်စ စာကြောင်းများကိုလည်း အကျဉ်းချုံး ရေးရပေတော့မယ်။

ဒါပေမဲ့ တွေးလက်စ အမျှင်လေးတစ်ခုတော့ ကျန်နေသေးတယ်။ ပြောလက်စ ရှိနေပြီမို့ ဒါလေးတစ်ခုကိုတော့ ပြောခွင့်ပြုပါ။ လောကမှာ လူသားတွေဟာ ဉာဏ်ရည်ချင်းလည်း မတူ။ ကြီးပြင်းလာရတဲ့ ဘဝအခြေအနေခြင်းလည်း မတူ။ စိတ်ဝင်စားတာခြင်းလည်း မတူ။ အမြင်ခြင်းလည်း မတူကြတော့ အတွေးတွေ တူဖို့ဆိုတာ မလွယ်ပိုင်ဘူးလေ။ အတွေးမျိုးစုံကို တူညီအောင် ညှိဖို့ဆိုတာကလည်း ဘယ်လိုနည်းနဲ့ မဖြစ်နိုင်ဘူး။

www.burmeseclassic.com



ဒါကိုတော့ လူတိုင်းနားလည်ပေးရမှာ။ ဒါပေမဲ့ တူညီနေတာလေး တစ်ခုတော့လည်း ရှိနေသေးတယ်။ အဲဒါကတော့ လူတိုင်း တွေးတယ်ဆိုတဲ့ အချက်ပါ။ အားလုံးချမ်းသာစွာ အိပ်စက်နိုင်ကြပါစေ...။

ဘိက္ခုဓမ္မပိယ (USA)

## ဒီမိုကရေစီနဲ့ ဗုဒ္ဓဝါဒီ

ဒီရက်ပိုင်းအတွင်း မြန်မာလူမျိုးတွေရဲ့ကြားမှာ ရေပန်းစားနေတဲ့ သတင်းတစ်ခု၊ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းနိုင်ရေးနဲ့စပ်တဲ့ သတင်းတွေပါ။ ဟိုနေရာမှာလည်း ဒီသတင်း၊ ဒီနေရာမှာလည်း ဒီသတင်း။ သတင်းကို အနှစ်ချုပ်ပြောရရင်တော့ "ဒီမိုကရေစီနိုင်ငံပေါ်ကြီးဆီ"

www.burmeseclassic.com

www.burmeseclassic.com



သို့ အသွင်ကူးပြောင်းရေးနဲ့စပ်တဲ့ သတင်းစကား တွေပါ။

လူပြောသူပြောများလာတဲ့ သတင်းဆို တော့ (ဟိုအရင်အခါများက ဒီမိုကရေစီစကား ပြောရင် ဆန့်ကျင်ရေးစကားလို့ အထင်ရောက် နေကြပြီး ကြောက်ရှောင် ရှောင်နေကြတဲ့) အမျိုး သမီးတွေလည်း စိတ်ဝင်စားလာကြဟန်တူတယ်။

ဒီမိုကရေစီစကား စတင်ပြောကြားလာ ကြတယ်။ စိတ်ဝင်စားစရာပါ။ လူအများစုဟာ ဒီမိုကရေစီစကား ပြောနေကြပေမဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရက ဘာလဲဆိုတာ မသိသူက များနေ သေးတယ်လို့ ထင်မိတယ်။ တချို့ကလည်း ဗုဒ္ဓ ဘာသာပီပီ ဒီမိုကရေစီကို ဘုရားဟောခဲ့သလား လို့ မေးသူများပင် ရှိလာတယ်။

ဒီတော့ "ဒီမိုကရေစီကို ဘုရားဟောခဲ့ သလား" ဆိုတာ အပြန်ပြန်အလှန်လှန် စဉ်စား



ကြည့်မိတယ်။ ဟုတ်ပါရဲ့။ ဘုရားဟောစကား တော်တွေထဲမှာ "ဒီမိုကရေစီ" ဆိုတဲ့စကားပါ၊ မပါပေ့။ စဉ်းစားနိုင်ဖို့ပါ။

ဒီမိုကရေစီဆိုတဲ့ အတွေးအခေါ်ကို ဂရိ (Greek) နိုင်ငံက စင်ကျူရီ ငါးရာစုနဲ့ လေးရာစု အလယ်ပိုင်းလောက်မှာ နိုင်ငံရေးပေါ်လစီ တစ်ခု အနေနဲ့ စတင်ခဲ့တာလို့ ပေ့ပေ့ပါးပါး သိထား ဖို့ပါ[၁]။

ပြည်သူတွေကပဲ ပြည်သူတွေအတွက် အုပ်ချုပ်သူ အစိုးရအဖွဲ့ကို လွတ်လပ်စွာ ရွေးချယ် တင်မြှောက်ပေးရတဲ့ နိုင်ငံရေးစနစ်တစ်ခုပါ။ ပြည်သူ၊ ပြည်သားတွေက တင်မြှောက်ထားတဲ့ အစိုးရဖြစ်လို့ နိုင်ငံတွင်းမှာနေကြတဲ့ ပြည်သူ ပြည်သားတွေဟာ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ခွင့်နဲ့ လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်တို့ကို ရရှိကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူ၊ ပြည်သားတွေက ရွေးကောက်တင်မြှောက်ထားတဲ့ နိုင်ငံတော် သမ္မတတို့၊ ပြည်ထောင်စု ဝန်ကြီးတို့၊ ပြည်သူ့လွှတ်တော် အမတ်တို့က နိုင်ငံတော်နှင့် ပြည်သူ၊ ပြည်သားများအတွက် လူနေမှုစနစ်များ၊ စီးပွားရေးစနစ်များ၊ ပညာရေး စနစ်များ၊ ကျန်းမာရေးစတဲ့ စနစ်များမြှင့်မား တိုးတက်နိုင်စေရန် သင့်တော်လျောက်ပတ်တဲ့ ဥပဒေများကို ပြဋ္ဌာန်း သတ်မှတ်ပေးကြရတယ်။

အတိုချုပ်ပြောတော့ ဒီမိုကရေစီ အစိုးရဆိုတာ ပြည်သူတွေကို မျှမျှတတ အုပ်ချုပ်နိုင်ရေးအတွက် ပြည်သူတွေက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရမျိုးကို ခေါ်တာ[၂]။ ဒီမိုကရေစီဆိုတာ နိုင်ငံရေးစနစ်တစ်ခုဖြစ်ပြီး၊ ပြည်သူနဲ့အစိုးရ ကြားမှာ နိုင်ငံရေး ပါဝါကို အညီအမျှ မျှဝေပြီး နိုင်ငံတော်ကို အုပ်ချုပ်တဲ့ အုပ်ချုပ်ရေး စနစ်တစ်ခုပါ[၃]။



ဒီမိုကရေစီစနစ်မှာ လူအများ ပြောဆိုလေ့ပြောဆိုထရှိတဲ့ စကားသုံးလုံးမှာ

“(၁) လွတ်လပ်စွာ ပြောဆိုခွင့် (Freedom of speech)

(၂) လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့် (Freedom of Press) နဲ့

(၃) လွတ်လပ်စွာ ကိုးကွယ်ခွင့် (Freedom of religion) ဒီလို အခွင့်အရေးများကို လူတိုင်း ရရှိနိုင်အောင် အစိုးရက ခွင့်ပြုပေးရတဲ့ စနစ်မျိုးလို့ ဆိုရမှာပါ။

ဒီမိုကရေစီဆိုတဲ့စကားဟာ မြန်မာစကား မဟုတ်ပါ။ ဂရိဘာသာစကားမှ ဆင်းသက်လာတဲ့ ဆင့်ပွားမျိုးဖြစ်တဲ့ ဘာသာစကားပါ။

ရှေးအလွန်ကျတဲ့ ဂရိနိုင်ငံရဲ့ အုပ်ချုပ်ရေးစနစ်မှာ အစအဦးပိုင်းတွင် နေရာခပ်များမှာ မိုနာခီစ် (Monarchies) ဘုရင် ဧကရာဇ်

www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ထို့မှတဆင့် အိုလီဂါခီစ် (Oligarchies) လူ အနည်းစု အုပ်ချုပ်ရေးစနစ်၊ ထို့နောက် တိုင်ရန်နီစ် (Tyrannies) အာဏာရှင် (သို့မဟုတ်) အာဏာရှင်များ အုပ်ချုပ်ရေးစနစ်၊ ထို့နောက် ဒီမိုကရေစီ (Democracies) ပြည်သူက လွတ်လပ်စွာ ရွေးချယ် တင်မြှောက်ထားတဲ့ ဗဟိုအစိုးရအဖွဲ့က အုပ်ချုပ်တဲ့ အုပ်ချုပ်စနစ်ဆီသို့ အဆင့်ဆင့် ကူးပြောင်းလာတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်[၄]။

ဒီလို ဂရိနိုင်ငံရဲ့ အုပ်ချုပ်ရေးစနစ်များကို ပိုင်းခြားသတ်မှတ်ပြီး၊ ဝေဖန်ထောက်ပြသွားသူကတော့ ပလေတို (Plato) ရဲ့ တပည့်ကြီးများထဲမှ ထင်ရှားလှတဲ့ အရစ်စတိုတယ်လ် (Aristotle) ဖြစ်တယ်[၅]။

ဂရိလူမျိုး ဖီလိုဆိုဖါကြီး ဆိုကရတီးစ် (Socrates) က သူ့ခေတ်၊ သူ့အခါ မှာ ဒီမိုကရေစီ



အုပ်ချုပ်ရေးစနစ်ကို ပြောင်ကျကျ ဝေဖန်ခဲ့ပြီး၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ရဲ့ အားနည်းချက်၊ အားသာချက်များကိုလည်း ထုတ်ဖော်ဝေဖန်သွားခဲ့တယ်။

*Politics* စာအုပ်ကြီးကို ရေးသွားတဲ့ ဆိုကရတီးစ်ရဲ့ထင်ရှားတဲ့ တပည့်ကြီးလည်းဖြစ်၊ အကယ်ဒမီ (Academy) လို့ခေါ်တဲ့ တက္ကသိုလ် (University) ကျောင်းတော်ကြီးတစ်ခုကို တည်ထောင်သွားခဲ့တဲ့ ပလေတို (Plato)ကတော့ သူ့ဆရာကြီး ဆိုကရတီးစ်ရဲ့ နိုင်ငံရေး အယူအဆများအတိုင်းသာ ဆက်လက်ကျင့်သုံး ပြောဆိုသွားခဲ့တယ်[၆]။ ဘယ်အုပ်ချုပ်ရေးစနစ်မျိုးမဆို အားနည်းချက်၊ အားသာချက်မျိုးဆိုတာ ရှိတတ်စမြဲမို့ "ဒီမိုကရေစီမှ ဒီမိုကရေစီဖြစ်နေတဲ့သူများ" သဘောများလည်း ထားနိုင်ကြဖို့ပါ။

ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်နဲ့စပ်၍ နိုင်ငံရေး စကားများများ မပြောတတ်သူမို့ စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ မှတ်မိနေတဲ့ ဒီမိုကရေစီနဲ့စပ်တဲ့ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ဂျဝါဟာလာနေရူး (Jawaharlal Nehru) ပြောသွားတဲ့ စကားတစ်ခွန်းကိုပဲ လက်ဆောင်ကမ်း ပြောပါရစေ။

ဝန်ကြီးချုပ် နေရူးက "ကျုပ်ကတော့ အုပ်ချုပ်ရေးစနစ်တွေထဲမှာ ဒီမိုကရေစီကို အကြိုက်ဆုံးပဲ။ ဘာကြောင့်လဲဆိုရင် အကောင်းများလို့ပါ" တဲ့။ အုပ်ချုပ်ရေးစနစ်များနဲ့ ပတ်သက်၍ ဆင်ခြင်နိုင်ဖို့နဲ့ စဉ်းစားနိုင်ကြဖို့ပါ။

ဘုရားဟော တရားတော်တွေထဲမှာ "ဒီမိုကရေစီ" ဆိုတဲ့ စကားပါ၊ မပါ စဉ်းစားပြီး လောက်ရောပေါ့။ ဒီမိုကရေစီဆိုတဲ့စကားဟာ မြန်မာစကားမဟုတ်သလို ပါဠိစကားလည်း မဟုတ်ပါ။ ဂရိဘာသာစကားမှ ဆင်းသက်လာတဲ့ စကား။

ဒီမိုကရေစီဆိုတဲ့ နိုင်ငံရေးဝေါဟာရ စကားအသုံးအနှုန်းဖြစ်ပေမဲ့၊ အဲဒီစကားရဲ့



အနှစ်သာရက နိုင်ငံကို အုပ်ချုပ်သူများနှင့် ပြည်သူ၊ ပြည်သားများ ပူးပေါင်း၍ သာယာတဲ့ လူ့ဘောင်ကို တည်ဆောက်နိုင်ရန် ကိုယ်ကျင့်သိက္ခာ (Ethics) မြင့်မားရေးနဲ့ လူသားတစ်ယောက်၌ ရှိသင့်တဲ့ စာနာစိတ်နဲ့ ကိုယ်ချင်းစာစိတ်များ (Humanitarian attitudes) ဖွံ့ဖြိုးရေးတို့ကို စုပေါင်းဆောင်ရွက်တဲ့ အုပ်ချုပ်ရေးစနစ်တစ်ခုလို့ ဆိုရမှာပါ။

ရွေးချယ်တင်မြှောက်ထားတဲ့ နိုင်ငံတော် အစိုးရက ဥပဒေများကို ရေးဆွဲပြီး ပြည်သူများကို ကာကွယ်ပေးတဲ့ အုပ်ချုပ်ရေး စနစ်တစ်ခုလို့လည်း ဆိုရမှာပါ။

အုပ်ချုပ်ရေး စနစ်မှာ ပါဝင်တဲ့ စံနှုန်းတွေက "လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ခွင့်" များအပြင် လွတ်လပ်စွာ ရွေးချယ် တင်မြှောက်နိုင်ခွင့်များကို ရရှိနိုင်ရေး၊ တရားမျှတစွာ အုပ်ချုပ်နိုင်ရေး၊

www.burmeseclassic.com

www.burmeseclassic.com



အကြမ်းမဖက်ရေး၊ လူအချင်းချင်း ခွဲခြားဆက်ဆံမှု မျိုးကို တားဆီးရေး၊ လူ့အခွင့်အရေးများ၊ နိုင်ငံတော်ရဲ့ အခွင့်အရေးများ တန်းတူရည်တူ ရရှိနိုင်ရေး၊ လုံခြုံတဲ့ဘဝမျိုးနဲ့ နေနိုင်ရေး-စတဲ့ အရေးတွေ ပါဝင်တယ်။

မြန်မာလူမျိုးများ ဒီလိုအခွင့်အရေးတွေကို အသက်အသွေးတွေပေးပြီး တောင်းဆိုနေရခြင်းဟာ (သို့မဟုတ်) တောင်းဆိုရတဲ့အလုပ်တွေကို လုပ်နေရခြင်းဟာ အုပ်ချုပ်သူ လူတန်းစားများနဲ့ အုပ်ချုပ်ခံလူတန်းစားတို့ရဲ့သန္တာန်မှာ ကိုယ်ကျင့်သီလနှင့် ဗြဟ္မစိုရ်တရားတွေ ဆိတ်သုဉ်းသွားခဲ့ကြတဲ့အတွက်ကြောင့် ဖြစ်ရခြင်းပါ။ အုပ်ချုပ်သူများအတွက်မူ ကျင့်သင့်တဲ့ မင်းကျင့်တရား (၁၀) ပါးကို မကျင့်ခဲ့ကြလို့ ဖြစ်ရတာပါ။

နိုင်ငံတော်ရဲ့ လမ်းစဉ်ကို ကျင့်သုံးရာ၌ ဒီမိုကရေစီပဲ ပြောပြော၊ ဆိုရှယ်လစ်ပဲ ပြောပြော၊



ကွန်မြူနစ်ပဲ ပြောပြော၊ ဘယ်လမ်းစဉ်ပဲ လိုက်လိုက် လမ်းစဉ်က အဓိက မဟုတ်ပါ။ အမည်နာမက အဓိကမဟုတ်ပါ။ ခေါင်းစဉ်က အဓိကမဟုတ်ပါ။ စစ်မှန်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ဖြူစင်တဲ့ ဗြဟ္မစိုရ်တရားများကို ကျင့်သုံးပြခြင်းကသာ အဓိကပါ။

ဒီမိုကရေစီကျင့်ထုံးဟာ လူတစ်ယောက်ရဲ့ ရပိုင်ခွင့်ကို ပြောတတ်ဖို့ လိုသလို၊ ရိုးသားစွာနဲ့ လိုက်နာကျင့်သုံးနိုင်မှ ပြည်သူတွေ လိုလားတဲ့ လူ့အခွင့်ရေးတွေကို ရရှိနိုင်ကြမှာပါ။ ဒီမိုကရေစီနိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေများကို ပြည်သူများက မလိုက်နာခဲ့ရင် ဘာခေါင်းစဉ်ပဲတပ်တပ်၊ ဘယ်လိုပဲ ဒီမိုကရေနိုင်ငံလို့ပြောပြော၊ အပြောနဲ့တော့ ဘာမှ ထူးခြားလာမည်မဟုတ်ပါ။

မြတ်စွာဘုရားရဲ့ တရားတော်တွေမှာ ဒီမိုကရေစီကျင့်ထုံးတွေ အများကြီး ပါဝင်နေတာကို တွေ့ရတယ်။ ဒီမိုကရေစီ ကျင့်ထုံးတွေ ပါဝင်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုလို့ မြတ်စွာဘုရားဟာ ဒီမိုကရေစီကျင့်ထုံးတွေက ယူပြီးဟောထားတယ်လို့တော့ မထင်စေလိုပါ။

ဒီမိုကရေစီကျင့်ထုံးတွေဟာ ရာစုနှစ်တစ်ရာနီးနီး နောက်ကျပြီးမှ ပေါ်ပေါက်လာတဲ့ နိုင်ငံရေးပေါ်လစီတစ်ခုပါ။ ထိုနိုင်ငံရေးပေါ်လစီဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးထားတဲ့ တရားမျှတစွာ နေနိုင်ရေး၊ အကြမ်းမဖက်ရေး၊ လူသားအချင်းချင်း ကာကွယ်စောင့်ရှောက်နိုင်ရေး၊ လူ့အခွင့်အရေးကို အပြန်အလှန် လေးစားလိုက်နာနိုင်ရေး စတဲ့ ကျင့်စဉ်တွေဟာ သီလသိက္ခာဖြင့် မြှင့်တင်ပေးထားတဲ့ လူသားတွေ ကျင့်သုံးရမဲ့ ကိုယ်ကျင့်သိက္ခာတွေဆိုတာ နားလည်နိုင်ကြဖို့ပါ။

သီလသိက္ခာရဲ့ အားသာချက်က ဒီမိုကရေစီကျင့်ထုံးမှာ အများလက်ခံရင် အမှန်တရားသည်ပင် အမှားဖြစ်သွားနိုင်သလို၊ မှားယွင်းတဲ့ ကိုယ်ကျင့်



သိက္ခာများကို မှန်ကန်တဲ့ကိုယ်ကျင့်သိက္ခာလို့ အထင်ရောက်သွားနိုင်တာမျိုးတွေလည်း ရှိတယ်။

ဥပမာ ကိုယ်ကျင့်သိက္ခာလျော့ပါးလာမှုတွေ၊ လူမှုရေး ဖောက်ပြန်မှုတွေ၊ လင်မယား ကွာရှင်းမှုတွေ၊ ဒီလိုအဖြစ်မျိုးတွေဟာ မိသားစုများအတွက်၊ အထူးသဖြင့် ငယ်ရွယ်တဲ့သားငယ်၊ သမီးငယ်လေးများအတွက် ကလေးငယ်တွေ ရသင့်ရထိုက်တဲ့ လူ့အခွင့်ရေးကို ဒီမိုကရေစီကျင့်ထုံးတွေက အကာအကွယ် မပေးနိုင်ဘူးဆိုတာ သိသာထင်ရှား နေပါတယ်။

ကာကွယ်စောင့်ရှောက်နိုင်ရေးဆိုတဲ့ အသုံးအနှုန်းမှာ ဗုဒ္ဓဘာသာရှုဒေါင့်နဲ့ ဒီမိုကရေစီ ရှုဒေါင့်နှစ်ခုအကြား အမြင်တူတာတွေလည်း ရှိတယ်။ အမြင်မတူတာတွေလည်း ရှိတယ်။ ဥပမာ၊ တန်းတူအခွင့်ရေးတို့၊ ငြိမ်းချမ်းစွာ အတူနေထိုင်နိုင်ရေးတို့၊ လူသားအချင်းချင်း ကိုယ်ကျင့်သိက္ခာဖြင့် ကာကွယ် စောင့်ရှောက်ရေး-စတဲ့ အရေးများပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီအရေးတွေးက ဗုဒ္ဓဘာသာမှာလည်း ရှိတယ်။ ဒီမိုကရေစီမှာလည်း ရှိတယ်။ မတူတဲ့အချက်တွေကတော့ မိဘနှစ်ပါး စွန့်ပစ်ခံရတဲ့ ကလေးငယ်တစ်ယောက်ကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ အထောက်အပံ့တွေနဲ့ နိုင်ငံတော်က ကာကွယ် စောင့်ရှောက်ပေးထားရုံနဲ့ လုံလောက်ပြီလို့ မသတ်မှတ်နိုင်တဲ့ အချက်မျိုးတွေပါ။

ငယ်ရွယ်တဲ့ ကလေးငယ်များမှာ တကယ်လိုအပ်တဲ့အရာက မိဘရဲ့နွေးထွေးတဲ့ မေတ္တာတရားပါ။ ကြင်နာစွာဖြင့် နွေးထွေးလုံခြုံမှုကို ပေးနိုင်တဲ့ မိဘများရဲ့ ကရုဏာတရားတွေ၊ မိဘများမှ နွေးထွေးစွာ စောင့်ရှောက်ထားမှုကြောင့် တခစ်ခစ် ရယ်မောနေတဲ့ ကလေးငယ်များရဲ့ အပြစ်ကင်းစင်စွာ ရယ်မောနေတဲ့ မုဒိတာသံစဉ်လှိုင်းတွေ၊ သားငယ်၊ သမီးငယ်လေးတွေဝိုင်းရင် သန်းခေါင်ယံမှာပဲ ဖြစ်စေ၊



အာရုံဦးမှာပဲဖြစ်စေ၊ ဘယ်အချိန်အခါမဆို စိတ်မတိုနိုင်တဲ့ မိဘများရဲ့ ဥပေက္ခာ နှလုံးသားမျိုးတွေဆိုတာ ဘယ်နေရာမျိုးမှာမှ မရနိုင်ကြလို့ပါ။

နိုင်ငံတော် ငွေကြေးဓနနဲ့ ထောက်ပံ့ထားတဲ့ ကာကွယ်စောင့်ရှောက်မှုမျိုးထက် ဗြဟ္မစိုရ်တရားတွေနဲ့ စောင့်ရှောက်ထားတာက ကလေးငယ်များရဲ့ စိတ်ဓာတ်တွေကို ပိုပြီးရှင်လန်းစေတယ်။ စိတ်ကျန်းမာရေးတွေ၊ ကိုယ်ကျန်းမာရေးတွေကိုလည်း ပိုပြီးရစေနိုင်တယ်။ ဒါက ကလေးငယ်များ မျှော်လင့်တဲ့ ကလေးများ (လူ့) အခွင့်ရေးပါ။ ဒီမိုကရေစီကျင့်ထုံးက ဒီလူ့အခွင့်အရေးမျိုးကို ပေးနိုင်မည်လား။

နောက်တစ်ခုက ဒီမိုကရေစီကျင့်ထုံး ဆိုတာ ဒီမိုကရေစီနိုင်ငံတွင်းမှာနေတဲ့ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ လူ့အခွင့်အရေးများကိုသာ ကာကွယ်ပေးနိုင်ပြီး၊ အခြားနိုင်ငံများမှာနေတဲ့ လူသားမျိုးနွယ်များရဲ့ လူ့အခွင့်များကို ရရှိနိုင်အောင် ရှင်သန်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



များ ရနိုင်အောင် ဆောင်ရွက်ပေးရာ၌ အားနည်းနေတာကို တွေ့ကြရမှာ။ ကိုယ့်နိုင်ငံသားက သဘောမတူရင် လုပ်လို့မရနိုင်တဲ့ ကျင့်ထုံးမျိုးပါ။

သို့သော် ဗုဒ္ဓဝါဒကတော့ ကိုယ်ကျင့်သိက္ခာနဲ့ ဗြဟ္မစိုရ်ကျင့်စဉ်တွေကို ကျင့်သုံးရာ၌ လူမျိုးကန့်သတ်မှု၊ နိုင်ငံကန့်သတ်မှုမရှိပဲ လူမျိုးအားလုံး၊ သတ္တဝါအားလုံးရဲ့ အကျိုးစီးပွားတွေကို ဆောင်ရွက်ပေးတဲ့ကျင့်စဉ်။ သတ္တဝါများ အပေါ်မှာ မေတ္တာတရားများ၊ ကရုဏာတရားများကို တပြေးညီထားနိုင်တဲ့ ကျင့်စဉ်မျိုးပါ။ ဒါကို ဗြဟ္မစိုရ်ကျင့်စဉ်လို့ခေါ်တာ။

ဒါကြောင့် မြတ်ဗုဒ္ဓရဲ့ တရားတော်များဟာ ဒီမိုကရေစီနိုင်ငံမှာပဲဖြစ်ဖြစ်၊ ဆိုရှယ်လစ်နိုင်ငံမှာဖြစ်ဖြစ်၊ ကွန်မြူနစ်နိုင်ငံမှာပဲဖြစ်ဖြစ်၊ အာဏာရှင်နိုင်ငံမှာပဲဖြစ်ဖြစ် ကျင့်သုံးလို့ ရနိုင်တယ်ဆိုတာ မှတ်သားနိုင်ဖို့ပါ။



အုပ်ချုပ်သူများဟာ ရာဇဓမ္မလို့ခေါ်တဲ့ မင်းကျင့်တရားဆယ်ပါးကို လျစ်လျူရှုထားပြီး ကိုယ့်နည်း၊ ကိုယ့်ဟန်နဲ့ အားထုတ်ကြလို့ တိုင်းပြည်မှာ ပြဿနာတွေ မကြီးထွားသင့်ပဲ၊ ကြီးထွားနေရတာ။ အမုန်းတရားတွေ မပွားသင့်ပဲ ပွားနေကြရတာ။ မဆင်းရဲသင့်ပဲ ဆင်းရဲဒုက္ခတွေ ရောက်နေကြရတာ။ ဘုရားရဲ့ အဆုံးအမကတော့ ရှင်းတယ်။

အသိဉာဏ်ဟာ အကျင့်တရား မဟုတ်ဘူးဆိုတာ။ သိထားတဲ့အတိုင်းကျင့်မှ အကျိုးတရားဆိုတာ ဖြစ်ပေါ်လာတာ။ ရာဇဓမ္မတရား ဆယ်ပါးဆိုတာ -

(၁) ရဟန်းသံဃာတော်များ၊ ဆင်းရဲသူများအား အလှူပေးခြင်း (ဒါန)

(၂) ကိုယ်ကျင့်သိက္ခာဖြစ်တဲ့ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းခြင်း (သီလ)

www.burmeseclassic.com

www.burmeseclassic.com



(၃) အမှုထမ်းတို့အား စားနပ်ရိက္ခာများ လုံလောက်အောင်ပေးခြင်း (ပရိစ္စာဂ)

(၄) ရိုးသားဖြောင့်မတ်ခြင်း (အဇ္ဇဝ)

(၅) သာယာနူးညံ့စွာ ပြောဆိုကျင့်ကြံခြင်း (မဒ္ဒဝ)

(၆) အကျင့် သီလတို့ကို ခြိုးခြံစွာ စောင့်သုံးခြင်း (တပ)

(၇) အမျက်မထွက်ခြင်း (အက္ကောဓန)

(၈) ပြည်သူလူထုတို့ကို အခွန်အတုတ်အမျိုးမျိုးတို့ဖြင့် မညှင်းဆဲခြင်း၊ မနှိပ်စက်ခြင်း (အဝိဟိံသ)

(၉) သည်းခံရခြင်း (ခန္တီ)

(၁၀) ရဟန်းရှင်လူ ပြည်သူတို့သဘောနှင့် မဆန့်ကျင်ခြင်း (အဝိရောဓန)[၂]-တို့ ဖြစ်တယ်။ ဉာဏ်နှင့်ဆင်ခြင်စဉ်းစားနိုင်ကြဖို့ပါ။

အုပ်ချုပ်သူများဟာ ဒီကျင့်ထုံးများကို စွမ်းနိုင်သမျှလိုက်နာမယ်ဆိုရင် ပြည်သူတွေရဲ့ ဘဝ



တွေ လုံခြုံစိတ်ချရခြင်း၊ ဆင်းရဲ၊ ချမ်းသာ ကွာဟမှုနည်းပါးခြင်း၊ ပြည်သူတို့ရဲ့ဆန္ဒကို နားထောင်ပေးခြင်းဖြင့် ပြည်သူတွေရဲ့လိုအပ်ချက်ကို တိုင်းပြည်မှဖြည့်ဆည်းပေးနိုင်ခြင်း၊ ခေါင်းဆောင်များရဲ့ ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ကျင့်သိက္ခာများ ကောင်းမွန်ခြင်းကြောင့် ပြည်သူတို့ရဲ့ လေးစားမှုကို ပိုမိုရနိုင်ခြင်း၊ ပြည်သူများနှင့် စကားပြောဆိုရာ၌ သာယာနူးညံ့ပြီး ကိုယ်အမူအရာ၊ နှုတ်အမူအရာများ သိမ်မွေ့၍ တိုင်းပြည်ခေါင်းဆောင်များအပေါ် ကြည်ညိုလေးစားစိတ်များ ပို၍ပို၍ ဖြစ်ပေါ်နိုင်ခြင်း၊ အစိုးရကိုယ်တိုင်က တိုင်းပြည်ဘဏ္ဍာများကို ခြိုးခြံစွာကျင့်နေတဲ့အတွက်ကြောင့် ပြည်သူများက လာဘ်ပေး၊ လာဘ်ယူကင်းတဲ့ အစိုးရအပေါ် ယုံကြည်စိတ်များ များပြားလာနိုင်ခြင်း၊ အခွန်အတုတ်များကိုကောက်ခံရာ၌ မျှတခြင်း၊ အလုပ်လုပ်လျှက် သားသမီး များပြားခြင်းခြင်းကြောင့် ဆင်းရဲတွင်းနက်

www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ဆင်ရဲသားမိသားစုများအား ပညာပေးခြင်း၊ အခွန်အတုတ်များ လျှော့ပေါ့ကောက်ခံခြင်း၊ လိုအပ်လာခဲ့ရင် မိသားစုများရဲ့ဝင်ငွေကို ထပ်ဆောင်းပေးခြင်း စတဲ့ ကောင်းကျိုးတရားတွေကို မြတ်ဗုဒ္ဓရဲ့ အဆုံးအမတရားများ၌ အတိအလင်း ဟောပြထားတယ်။

ဒီတရားတော်ရဲ့ အနှစ်သာရတွေကို လျစ်လျူရှုထားခြင်း၊ နားမလည်ခြင်း၊ နားလည်ထားသော်လည်း မကျင့်သုံးခြင်းကြောင့် လူ့အခွင့်အရေးတွေ ဆုံးရှုံးနေရတာပါ။ ဒါကြောင့် ဒီမိုကရေစီနိုင်ငံတော်များရဲ့ ကျင့်ထုံးဥပဒေများကို မျှော်မှန်းရော်ရမ်းပြီး "We want Democracy" ဆိုပြီး ဒီမိုကရေစီအခွင့်အရေးတွေကို တောင်းဆိုနေကြတာပါ။

ဒီမိုကရေစီ အခွင့်အရေးတွေကို ရနိုင်ဖို့ တောင်းလည်းတောင်း၊ ကျင့်လည်းကျင့်ရမှာပါ။



ကိုယ်ကျင့်သိက္ခာနဲ့ ဗြဟ္မစိုရ်ကျင့်စဉ်တွေဆိုတာ ဒီမိုကရေစီရဲ့ အနှစ်သာရ အားလုံးကို လွှမ်းခြုံထားတဲ့ မြတ်ဗုဒ္ဓရဲ့ဒီမိုကရေစီကျင့်စဉ် တရားတွေပါ။ စိစစ်နိုင်ဖို့ပါ။

စစ်မှန်တဲ့ဒီမိုကရေစီကို ကျင့်ထုံးမပါဘဲနဲ့ တောင်းယူရုံနဲ့မရနိုင်ပါ။ ကိုယ်တိုင်က၊ ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ထောင်လိုသူတိုင်းက ဒီမိုကရေစီ ကျင့်ထုံးတွေကို လေးလေးစားစား လိုက်နာနိုင်ကြရမှာ။ ကိုယ်တိုင်က လူ့အခွင့်အရေးတွေကို ရချင်တယ်ဆိုရင် သူများရဲ့ လူ့အခွင့်ရေးများကို လေးစားလိုက်နာရမှာ။

စစ်မှန်တဲ့ ဒီမိုကရေစီ ကျင့်ထုံးဆိုတာ ကိုယ်ရချင်တာတွေချည်း တောင်းဆိုရတာမျိုး မဟုတ်ပဲ၊ ကိုယ်ဘက်ကပေးဆပ်ရမှာတွေလည်း အများကြီး ရှိနေတယ် ဆိုတာကိုလည်း မမေ့မထားဖို့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ၊ မိမိရဲ့ဆူညံမှုဟာ ပတ်ဝန်းကျင်ကို အနှောက်အယှက်ဖြစ်နေရင် မိမိကိုယ်တိုင်နားလည်ပေးပြီး တိတ်ဆိတ်အောင် နေရမှာ။ ပတ်ဝန်းကျင်ကို ဆူညံစေတဲ့ အခမ်းအနားပွဲတွေ၊ မြန်မာပြည်မှာ ကျင့်သုံးနေတဲ့ အသံမစဲပဋ္ဌာန်းပွဲတွေ (ကျောင်းတိုက်တွင်း ကြားရုံလောက် ရွတ်ဖတ်တဲ့ အသံမစဲ ပဋ္ဌာန်းပွဲမျိုးကိုတော့ လက်ခံကြရမှာပါ)၊ လောက်ဒ်စပီကာကြီးဖွင့်ပြီး ကျင်းပတဲ့ ပွဲလမ်းသဘင်တွေ၊ ဒါတွေဟာ ဒီမိုကရေစီ ကျင့်ထုံးနဲ့ ကြည့်ရင် ပြုပြင်ရမဲ့အရာတွေဆိုတာ သိနိုင်ကြဖို့ပါ။

ပတ်ဝန်းကျင်ကို ညစ်နွမ်းစေတဲ့ တွေ့ကရာမှာ တံတွေး ထွေးခြင်း၊ ကွမ်းတံတွေး ထွေးခြင်း၊ ဆေးလိပ်တို ပစ်ခြင်း၊ အမှိုက်သရိုက် ပစ်ခြင်း၊ (နိုင်ငံတော်မှ သင့်တော်တဲ့နေရာ၌ အမှိုက်ပစ်စရာပုံးများ ထားရှိပေးပါလျှက် ပြုလုပ်ခြင်း) သား



သမီးနဲ့ ဇနီးမယားများကို ရိုက်နှက်ဆုံးမခြင်း၊ လမ်းသွားလမ်းလာများအား ကာယိန္ဒြေပျက်အောင် ပြောင်လှောင်ခြင်း၊ နှောင့်ယှက်ခြင်း၊ သူများရဲ့ ကိုယ့်ရေးကိုယ်တာ (Privacy)လူ့အခွင့်ရေးကို နှောင့်ယှက်ခြင်း၊ လူအသိုင်းအဝိုင်း (Publicity)၌ သူတစ်ပါးရဲ့ဂုဏ်သိက္ခာများ ပျက်ပြားအောင် အားထုတ်ခြင်း၊ အထင်သေး၊ အမြင်သေးဖြစ်အောင် လုံ့လပြုခြင်း-စတဲ့ အပြုအမူတွေဟာ မြတ်ဗုဒ္ဓရဲ့အဆုံးအမများလည်း မဟုတ်။ ဒီမိုကရေစီကျင့်ထုံးလည်း မဟုတ်တဲ့ ဒီအပြုအမူတွေကို ရှောင်ကြဉ်ကြရမှာ။ ဒီကျင့်ထုံးတွေဟာ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ထောင်လိုတဲ့ပုဂ္ဂိုလ်တွေ ပေးဆပ်ရမဲ့ ကျင့်ထုံးတွေပါ။

ဒီမိုကရေစီကျင့်ထုံးအရ ကိုယ်ရဲ့ ရိုက်တ် (Right)ကို ကာကွယ်နိုင်ဖို့လိုအပ်သလို၊ သူများရဲ့ ရိုက်တ် (Right)ကို ကိုယ်ကိုယ်တိုင်က ကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်ပေးရမှာ။ ဟယူးမင်းရိုက်တ် (Human Right) ဆိုတာ တချို့နေရာများ၌ ကိုယ့်ဘက်က ကြည့်ရင် မှန်နေပေမဲ့၊ ဒီမိုကရေစီကျင့်ထုံးအရလည်း မှန်တယ်လို့လည်း ထင်ရပေမဲ့၊ သူ့များဘက်ကနေ ပြန်ကြည့်ရင် မှန်ချင်မှမှန်တာ။

ဥပမာ၊ သူများရဲ့သားမယားကို ချဉ်းကပ်တာမျိုး။ သူများရဲ့သားပျို သမီးပျိုများကို ဖျက်ဆီးတာမျိုးဆိုတာ ဆိုရှယ်သဘောအရ ရိုက်တ်(Right) ဖြစ်ချင် ဖြစ်မယ်။ ဗုဒ္ဓစ်စ် အက်က်သစ် (Buddhist Ethics) အရ လက်ခံနိုင်ဖို့ ခက်တယ်။ သီလသိက္ခာကျင့်စဉ်၊ ဗြဟ္မစိုရ်ကျင့်စဉ်များအရ ဒါတွေဟာ သူများရဲ့ ရိုက်တ်(Right)ကို ကျူးကျော် ဖေါက်ဖျက်ခြင်းပါ။

ဒါတွေကို ဒီမိုကရေစီကျင့်ထုံးမှာ သဲသဲကွဲကွဲ ဖေါ်ပြမထားပေမဲ့ မြတ်ဗုဒ္ဓရဲ့တရားတော်များမှာ သဲကွဲစွာ ဖေါ်ပြထားတယ်။ ကိုယ်ကျင့်



သိက္ခာဆိုင်ရာကျင့်စဉ်တွေဖြစ်တယ်။ မြန်မာအများစု ထင်ထားတာက ဒီမိုကရေစီ ရရင် ကိုယ်လုပ်ချင်ရာကို လုပ်လို့ရပြီလို့ ထင်နေကြတာ။

စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဆိုတာ ပြည်သူတွေကို ထင်ရာလုပ်ခွင့်မပေးပါဘူး၊ တိုင်းပြည်အုပ်ချုပ်သူတွေကိုလည်း ထင်ရာလုပ်ခွင့် မပေးပါဘူး။ ဥပဒေဘောင်တွင်းမှာ နေပြီး၊ ဥပဒေကခွင့်ပြုထားတာမျိုးကိုသာ လုပ်ခွင့်ရှိတာ။ ဒီမိုကရေစီကျင့်ထုံးမှာလည်း ဥပဒေကို လက်တစ်လုံးခြား လုပ်လို့ မရဘူးလို့ ထင်မိပါရဲ့။

ဒီမိုကရေစီနိုင်ငံကြီးဖြစ်လာရင် စိတ်မထင်ရင် မထင်သလိုဖြစ်စေ (သို့မဟုတ်) တစ်ဦးတစ်ယောက်က ခိုင်းစေလို့ဖြစ်စေ သူများကို ထရိုက်ဖို့ မပြောနဲ့ ကိုယ့်သားမယားကိုပင် ထရိုက်လို့ မရနိုင်တော့ပါ။ ကိုယ့်သားမယားကို ကိုယ်ရိုက်တာ ဘာဖြစ်လဲလို့ ဆင်ခြေ ဆင်လက်

www.burmeseclassic.com

www.burmeseclassic.com



(Excuses) တွေတော့ မပေးနဲ့ ရိုက်ခဲ့၊ ပုတ်ခဲ့ရင်တော့ ၉၁၁ စာ မိသွားမှာပေါ့။ (သို့မဟုတ်) ၁၉၉ (မြန်မာပြည်အရေးပေါ်ဖုံး) စာမိသွားမှာပေါ့။

ကဲလေ ဒီလောက်ပြောရင် ကိုယ့်ရဲ့ ရပိုင်ခွင့်တွေကိုရော၊ ကိုယ်ဘက်က ပေးဆပ်ရမဲ့သူများရဲ့ ရပိုင်ခွင့်တွေကိုပါ နားလည်သဘောပေါက်ရောပေါ့။ ဟုတ်ပြီလေ စစ်မှန်တဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီ ခရီးဆက်ဖို့ စဉ်းစားချိန်ပေးဖို့များ လိုနေသေးလားလို့ သိပါရစေ။

စည်းကမ်းမရှိတဲ့ မြန်မာလူမျိုးတွေ (သို့မဟုတ်) စည်းကမ်းမဲ့တဲ့ မြန်မာလူမျိုးတွေ (အများစု-မိမိအပါအဝင်) နဲ့ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီကျင့်ထုံးတွေကို လိုက်နာနိုင်အောင် အတော်ကြိုးစားရမယ်ထင်တယ်။

စည်းကမ်းပိုင်းနဲ့ ပတ်သက်လာရင် လျော့လျဲလျဲ၊ ခပ်ပေါ့ပေါ့ပဲ နေတတ်တဲ့ မြန်မာလူမျိုး



တွေဟာ ထင်ရာမလုပ်ရလို့ ဒီမိုကရေစီဆိုတာကြီးကို ပြန်ပေးချင်စိတ်တွေ ဝင်သွားမှာကိုပင် စိုးတထင့်ထင့် ဖြစ်နေမိပါရဲ့။ ရခဲတဲ့ အခွင့်အလမ်းမျိုးပါ။

စည်းကမ်း ပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဆီသို့ အရောက်လမ်းနိုင်ရန် ပြည်သူ၊ ပြည်သားတွေ စည်းကမ်းရှိကြဖို့ပါ။ ကိုယ့်အခွင့်အရေးများကိုလည်း ရနိုင်ဖို့၊ သူများ အခွင့်အရေးများကိုလည်း မဆုံးရှုံးနိုင်စေဖို့ မြတ်ဗုဒ္ဓရဲ့ သီလသိက္ခာနဲ့ ဗြဟ္မစိုရ် ကျင့်စဉ်များကိုပါ ထည့်ပေါင်းပြီး လူတိုင်းလူတိုင်း ဒီမိုကရေစီရဲ့ အသီးအပွင့်တွေ ခံစားနိုင်ဖို့ဆိုတာ ကိုယ့်အခွင့်အရေးကို ရှေ့တန်းမတင်ပဲ သူများအခွင့်အရေးများကို လေးစားလိုက်နာနိုင်အောင် ကြိုးစားကြရမှာ။

တကယ်တော့ သူ့အခွင့်အရေးဆိုတာ ကိုယ့်အခွင့်ရေးပဲလို့ သဘောထားနိုင်ပြီ။ ဒီမိုကရေစီ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ပြည်သူတွေမက်နေတဲ့ အိမ်မက်ပဲ မဟုတ်လား။ ချမ်းသာစွာ အိပ်စက်နိုင်ပါစေ။

ဘိက္ခုဓမ္မပိယ (USA)

(Notes)

[1] **Democracy**

is a form of government in which all people have an equal say in the decisions that affect their lives. Ideally, this includes equal (and more or less direct) participation in the proposal, development and passage of legislation into law. It can also encompass social, economic and cultural conditions that enable the free and equal practice of political self-determination. The term comes from the Greek: δημοκρατία– (*dēmokratía*) "rule of the people",[1] which was coined from δΖμος (*dêmos*) "people" and κράτος (*Kratos*) "power", in the middle of the 5th-4th century



BC to denote the political systems then existing in some Greek city-states, notably Athens following a popular uprising in 508 BC.[2] (http://www.wikipedia.org)

[2] Government of the people, by the people, and for the people. Government by elected representatives of the people. A country governed by its people of their representatives. (Longman Dictionary)

[3] **Demomcracy** is a political system in which all the members of the society have an equal share of formal Polital Power. (http://www.wikipedia.org)

[4] For the most part, Greece began by having monarchies, then oligarchies, then tyrannies and then democracies. (http://www.wikipedia.org)

www.burmeseclassic.com

www.burmeseclassic.com



[5] Aristotle divided Greek governments into *Monarchies, Oligarchies, Tyrannies* and *Democracies*, and most historians still use these same divisions. For the most part, Greece began by having *Monarchies*, then *Oligarchies*, then *Tyrannies* and then *Democracies*. (http://www.wikipedia.org)

[6] Plato had to content himself with being a te Plato archer of ideas. (http://www.wikipedia.org)

[7] သုမင်္ဂလဇာတကပါဠိ (ပ)အုပ်၊ နှာ ၁၇၈။ ဇာတ်အဋ္ဌကထာ (တ-တွဲ) နှာ ၂၅၈။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

ဒေါက်တာ အရှင်ဝမ္မပိယ (ပါဠေဟက္ကု)

[ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ရန်ကုန် ]

# ဒီမိုကရေစီနှင့် ဗုဒ္ဓဝါဒ

နိုင်ငံတော်ရဲ့ လမ်းစဉ်ကို ကျင့်သုံးရာ၌
ဒီမိုကရေစီပဲပြောပြော၊ ဆိုရှယ်လစ်ပဲပြောပြော
ဘယ်လမ်းစဉ်ပဲ လိုက်လိုက်
ခေါင်းစဉ်က အဓိက မဟုတ်ပါ။
စစ်မှန်တဲ့ ကိုယ်ကျင့်သိက္ခာနဲ့
ပြည့်စုံတဲ့ ပြဟ္မစိုရ်တရားများကို
ကျင့်သုံးပြုခြင်းကသာ အဓိကပါ။

www.burmeseclassic.com